# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး

# တိုကျိုမြို့

## မြန်မာသံရုံး၊ တိုကျိုမြို့မှ ဆောင်ရွက်ပေးလျက်ရှိသည့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးခြင်းကိစ္စနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

၁။ ဂျပန်နိုင်ငံတွင်အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံသားများ၏ သာမန်မြန်မာနိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးလျှောက်ထားမှုများအတွက် ရုံးဖွင့်ရက်များတွင် **နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ** သံရုံးသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားသည့် လျှောက်လွှာများလက်ခံခြင်း၊ နိုင်ငံကူးလက်မှတ်များ ပြန်လည်ထုတ်ပေးခြင်းတို့အပြင် ကောင်စစ်ဆိုင်ရာ အခြားကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ အချက်အလက် သိရှိလိုသဖြင့် တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်မေးမြန်းမှုများကို နေ့လယ် ၁ နာရီမှ ၃ နာရီအတွင်း လက်ခံဖြေကြားပေးလျက် ရှိပါသည်။ ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် မေးမြန်းရန် အခက်အခဲရှိကြသူများအနေဖြင့် မြန်မာသံရုံး၊ တိုကျိုမြို့၊ ကောင်စစ်ဌာန၏ အီးမေးလ်ဖြစ်သည့် consularsection@myanmar-embassy-tokyo.net သို့ စာပေးပို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ မြန်မာသံရုံးအနေဖြင့် စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားမှုများကိုလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိရာ လျှောက်ထားသူများအနေဖြင့် သံရုံး၏ ဝက်ဘ်ဆိုက်ဖြစ်သော http://www.myanmar-embassy-tokyo.net/2022/ consularamendment/revised2.htm တွင် ဝင်ရောက်လေ့လာ၍ သတ်မှတ်အမျိုးအစားအလိုက် လိုအပ်သည့် စာရွက်စာတမ်းအပြည့်အစုံထည့်သွင်းကာ ပေးပို့လျှောက်ထားကြပါရန် တိုက်တွန်းအပ်ပါသည်။

၄။ နိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးလျှောက်ထားရာတွင် အိမ်ရှင်နိုင်ငံ၏ ဒေသသုံးယန်းငွေတန်ဖိုးအပြောင်းအလဲကြောင့် ငွေလဲလှယ်နှုန်းကွာခြားချက်ရှိလာသဖြင့် စက်ဖြင့်ဖတ်ရှုစစ်ဆေးနိုင်သော သာမန်မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်းအား ယန်း ၃,၀၀၀/- မှ **ယန်း ၄,၀၀၀/-** သို့လည်းကောင်း၊ ပျောက်ဆုံးဒဏ်ကြေးကို ယန်း ၁၀,၀၀၀/-မှ **ယန်း ၁၂,၀၀၀/-** သို့လည်းကောင်း **၁-၁-၂၀၂၃ ရက်နေ့မှစတင်၍** ပြောင်းလဲကောက်ခံသွားမည် ဖြစ်ပါကြောင်းကိုလည်း အသိပေးဖော်ပြအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
013
TOKYO

မြန်မာသံရုံး၊ တိုကျိုမြို့

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်။